## ဆရာများအတွက် မှတ်ဘွယ်

### သင်္ကန်းဝတ်ခြင်းနှင့် စပ်၍ မှတ်ဘွယ်

**ဥပဇ္ဈာယ်ဆရာ အင်္ဂါ။** ။ဥပဇ္ဈာယ်ပေး၍ တပည့် ပရိသတ်ကို မွေးမြူသော ဆရာသည်....၁–ဆယ်ဝါ ရပြီးဖြစ်ခြင်း၊ ၂–ဘိက္ခုဝိဘင်း ဘိက္ခုနီဝိဘင်းဟု ခေါ်သော (ပါတိမောက် သိက္ခာပုဒ်များကို အကျယ်ဖွင့်ပြသော) ဝိဘင်း ၂-မျိုးကို တတ်သိ နားလည်ခြင်း၊ ၃–ကံကြီး ကံငယ် ပြုလုပ်နည်းကို နားလည်ခြင်း၊ ၄–မဟာဝါ စူဠဝါခန္ဓကဌ် လာသော သိက္ခာပုဒ်များကို နားလည်ခြင်း၊ ၅–နာမ်တရား ရုပ်တရားတို့ကို ဟောပြောနိုင်ခြင်း ဤသို့ အင်္ဂါ ၅-ပါးနှင့် ပြည့်စုံစေရသည်၊ ဤအင်္ဂါ ၅-ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်သာ ဥပဇ္ဈာယ်ဆရာ ဂုဏ်အင်္ဂါနှင့် ညီညွတ်သည်။

[ **ဆောင်** ] ဆယ်ဝါပြည့်တင်း ဝိဘင်း ၂-ဖြာ ကမ္မာကမ္မ ခန္ဓကပုဒ် နာမ်ရုပ်ပိုင်ပိုင် ဟောပြနိုင် ကျောင်းထိုင် ငါးအင်္ဂါ။

**ရှင်သာမဏေ ဝတ်ပေးမှု။** ။ရှင်သာမဏေ ပြုပေးရာ၌.... ၁–ခေါင်းရိတ်မှု၊ ၂–သင်္ကန်းဝတ်ပေးမှု၊ ၃–သရဏဂုံပေးမှု ဤ ၃-ခုလုံးကို "ရှင်ပြုပေးခြင်း" ဟု ခေါ်၏၊ ["ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ" – ဝိမတိဒီပနီ ပဗ္ဗဇ္ဇာခန္ဓက။] ထို ကိစ္စ ၃-မျိုးလုံးကို ဥပဇ္ဈာယ်ကိုယ်တိုင် တတ်နိုင်လျှင် ကိုယ်တိုင် ပြုသင့်၏၊ အခြားကိစ္စများသဖြင့် အားလပ်ခွင့် မရလျှင်လည်း ရဟန်းငယ် တပါးပါးကို (ရှင်ပြုပေးလိုက်ပါ)ဟု စေခိုင်းနိုင်၏။ ["သစေ